“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၉/၂၀၂၄)

အမှတ်စဉ် (၂၉/၂၀၂၄) http://www.nugmyanmar.org ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်။


၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂) နှင့် ရှမ်းမန်း စစ်ဆင်ရေးများတွင် စစ်ကိုင်းနှင့် မန္တလေးတိုင်းမှ တပ်ရင်းများ ပါဝင်တိုက်ခိုက်နေဟု NUG ထုတ်ပြန်

အမျိုးသားညီညွတ်ရေးအစိုးရ

တော်လှန်ရေး အမြန်ဆုံး အောင်မြင်စေရေး တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့များနှင့် ပိုမို ပူးပေါင်းကာ အစွမ်းကုန် ကြိုးပမ်းသွားမည်ဟု NUG က ဆဲဗင်းဂျူလိုင်အခမ်းအနားသို့ သဝဏ်လွှာပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
www.nugmyanmar.org
(၆၂) နှစ်မြောက် ဆဲဗင်းဂျူလိုင် ကျောင်းသားအရေးတော်ပုံနေ့ အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရက ပေးပို့သည့် သဝဏ်လွှာ
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

ယနေ့ကျရောက်သည့် (၆၂) နှစ်မြောက် ဆဲဗင်းဂျူလိုင် ကျောင်းသားအရေးတော်ပုံနေ့တွင် ခေတ်အဆက်ဆက် စစ်အာဏာရှင်တော်လှန်ရေးအတွက် အသက်၊ သွေး၊ ချွေး စတေး ပေးဆပ်ခဲ့ကြသည့် ကျောင်းသားလူငယ်များကို အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အလေးအမြတ်ပြု ဦးညွှတ်အပ်ပါသည်။



နွေဦးတော်လှန်ရေးကြီး အမြန်ဆုံး အောင်မြင်ပြီးမြောက်စေရေး နိုင်ငံတစ်ဝန်းရှိ မဟာမိတ် တိုင်းရင်းသားတော်လှန်ရေး တပ်ဖွဲ့များနှင့် ယခင်ကထက် ပိုမိုပူးပေါင်းကာ အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရက ဇူလိုင်လ ၇ ရက် (၆၂) နှစ်မြောက် ဆဲဗင်းဂျူလိုင် အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးတွင် ကျဆုံးသွားခဲ့ကြသည့် ကျောင်းသားလူငယ်များ စွန့်လွှတ် အနစ်နာခံမှုများကို အောက်မေ့ သတိရလျက် လက်ရှိ ဆင်နွှဲနေသည့် ပြည်သူ့ နွေဦးတော်လှန်ရေးကြီး အမြန်ဆုံး အောင်မြင်ပြီးမြောက် စေရေး နိုင်ငံတစ်ဝန်းရှိ မဟာမိတ် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များနှင့် ယခင်ကထက် ပိုမို ရင်းနှီး ပွင့်လင်းစွာ ပူးပေါင်း ဆောင်ရွက်လျက် ရှိသကဲ့သို့ အောင်ပွဲ ဆွတ်ခူးနိုင်ရန် ဆက်လက်၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

https://go.nugmyanmar.org/7e19ccf7

7e19ccf7
Powered by Go.NUG

ထောက်ပို့ကဏ္ဍနှင့် အကူအညီများ ချက်ချင်း ပေးအပ်နိုင်ရေး အသင့်ပြင်ထားကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား

အကြမ်းဖက် စစ်ကောင်စီ ပြုတ်ကျရေး အရှိန်မြှင့် ဆောင်ရွက်နေချိန်တွင် ထောက်ပို့ကဏ္ဍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်နှင့် အကူအညီများ ချက်ချင်းပေးအပ်နိုင်ရေးများကို ဦးစားပေး လုပ်ဆောင်နိုင်ရေး အသင့်ပြင်ထားကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင်လ ၁၁ ရက် ကြားကာလ ဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြား ခဲ့သည်။

အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက်လည်း ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက် ပေးရေးအပြင် ဒေသအချို့၌ ရေကြီးရေလျှံမှုများကလည်း ဖြစ်လာ သည့်အတွက် အရေးပေါ် ကယ်ဆယ် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက် ပေးကြရန် ပြည်ထောင်စုဝန်ကြီးချုပ်က တိုက်တွန်း ပြောကြားခဲ့သည်။

ထို့ပြင် အချို့ဒေသများ၌ စိုက်ခင်းများပါ ရေဘေးသင့်ကုန်သည့်အတွက် စိုက်ခင်းများနှင့် သိုလှောင်ထားသည့် မျိုးစေ့များလည်း ပျက်စီးဆုံးရှုံးကုန်မည် ဖြစ်ခြင်းကြောင့် မူလအတိုင်း ပြန်လည် စိုက်ပျိုးနိုင်ကြရေး မျိုးစေ့ထောက်ပံ့မှု များကိုလည်း လုပ်ဆောင်ပေးကြရန် ပြည်ထောင်စုဝန်ကြီးချုပ်က ဆက်လက် ပြောကြားခဲ့သည်။ https://go.nugmyanmar.org/472d2a0a

472d2a0a
Powered by Go.NUG

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်သူပိုင် သယံဇာတ ပစ္စည်းများကို အများပြည်သူ အကျိုးအတွက် ခံစားခွင့်ရှိရေး ပွင့်လင်းမြင်သာစွာ စီမံဆောင်ရွက်ကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား

သယံဇာတများသည် အကန့်အသတ်ရှိပြီး အများပြည်သူပိုင် ပစ္စည်းဖြစ်သောကြောင့် အများပြည်သူ အကျိုးအတွက် ခံစားခွင့်ရှိရေး ပွင့်လင်းမြင်သာစွာ စီမံဆောင်ရွက်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင် ၁၀ ရက် ပြည်ထောင်စုအဆင့် သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။



သယံဇာတဟူသည် အကန့်အသတ်ဖြင့်သာ ဖြစ်တည်ထုတ်လုပ်ရရှိနိုင်တာဖြစ်ပြီး အများပြည်သူပိုင်ပစ္စည်းဖြစ်သောကြောင့် အတတ်နိုင်ဆုံး အများပြည်သူ အကျိုးအတွက် ခံစားခွင့်ရှိရန် ပွင့်လင်းမြင်သာစွာဖြင့် စီမံဆောင်ရွက်ကြရန် သယံဇာတ စီအုပ်ချုပ်မှု လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိအောင် မူဝါဒညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရေး မြို့နယ်များကို သတိပေးကြပ်မတ် ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် မြေပြင်၌ သယံဇာတ စီမံအုပ်ချုပ်မှုလုပ်ငန်းများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်စေရေး အထူးသယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ခွဲများ၊ မြေပြင်ကွင်းဆင်း အဖွဲ့များကို တိုးချဲ့ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်ပေးရန် သယံဇာတ စီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့များအနေဖြင့်လည်း သယံဇာတ စီမံခန့်ခွဲရာတွင် ပိုမိုစနစ်ကျလာစေရန် TAB-NR အဖွဲ့ဝင် ဝန်ကြီးဌာနများက ယခင်ကထက်ပို၍ နီးနီးကပ်ကပ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

https://go.nugmyanmar.org/01903792

01903792 Powered by Go.NUG

ပညာရေးဝန်ကြီးဌာန

ဝက်လက်မြို့ကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် သတ်ဖြတ်ခံရမှုအား အပြစ်ပေးနိုင်ရေး အလျင်အမြန် ဆောင်ရွက်နေဟု NUG ထုတ်ပြန်

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာတွင် နေထိုင်သည့် ဝက်လက်မြို့ကျောင်းသားများ သမဂ္ဂ အဖွဲ့ဝင် Grade 11 ကျောင်းသား မောင်မြင့်မြတ်ဦး (အသက် ၁၆ နှစ်) သတ်ဖြတ်ခံရမှုအပေါ် ကျူးလွန်သူများကို အပြစ်ပေးနိုင်ရေးအတွက် အလျင်အမြန် ဆောင်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ၊ ပညာရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
https://moe.nugmyanmar.org
ကြေညာချက်အမှတ် (၁၇/ ၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

ဝမ်းနည်းကြောင်း သဝဏ်လွှာ

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့ ည (၉) နာရီခန့်တွင် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာတွင် နေထိုင်သော ဝက်လက်မြို့နယ် ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် Grade 11 ကျောင်းသား မောင်မြင့်မြတ်ဦး (အသက် ၁၆ နှစ်) သည် ရွာပြင်သူသေနတ်မှ အင်တာနက်သုံးပြီး အိမ်အပြန်လမ်းတွင် လူမဆန်စွာ အသတ်ခံရကြောင်း သိရှိရပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် မောင်မြင့်မြတ်ဦး သေဆုံးမှုအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၃။ မောင်မြင့်မြတ်ဦးအား လူမဆန်ရက်စက်စွာအသတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းပြီး ဖြစ်စဉ်မှန်ပေါ်ပေါက်ပြီး ကျူးလွန်သူများအား အပြစ်ပေးအရေးယူနိုင်ရန် အလျင်အမြန်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ နွေဦးတော်လှန်ရေးတွင် ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပညာသင်ယူခွင့်၊ ဘေးကင်းလုံခြုံစွာ နေထိုင်ခွင့်တို့အား ချိုးဖောက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ အမိန့်ပေးစေခိုင်းသူများ၊ ကိုယ်တိုင်ကျူးလွန်သူများ အားလုံးအနေဖြင့် တာဝန်ခံရမည် ဖြစ်သည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေမဲ့ သတ်ဖြတ်မှုများနှင့် မတရားညှဉ်းပန်း နှိပ်စက်မှုများအား အပြင်းအထန် ရှုတ်ချပြီး ပြစ်မှုကျူးလွန်မှု ဖြစ်စဉ်များကို အသေးစိတ်မှတ်တမ်းတင်လျက် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ဆောင်နိုင်ရန် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ဝက်လက်မြို့နယ် ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် မောင်မြင့်မြတ်ဦး ကို ဇူလိုင်လ ၈ ရက်၊ ည ၉ နာရီခန့်တွင် ရွာပြင်သူသေနတ်မှ အင်တာနက်သုံးပြီး အိမ်ပြန်လမ်းတွင် လူမဆန်စွာ အသတ်ခံခဲ့ရပြီး သေဆုံးမှုအတွက် မိသားစုနှင့် ထပ်တူ ကြေကွဲ ဝမ်းနည်းကြောင်းနှင့် ယင်း ဖြစ်စဉ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းကာ ဖြစ်စဉ်မှန်ပေါ်ပေါက်ပြီး ကျူးလွန်သူများအား အပြစ်ပေး အရေးယူနိုင်ရန် အလျင်အမြန် ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

https://go.nugmyanmar.org/d5aa1957

d5aa1957 Powered by Go.NUG

ကာကွယ်ရေးဝန်ကြီးဌာန

၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂) နှင့် ရှမ်းမန်း စစ်ဆင်ရေးများတွင် စစ်ကိုင်းနှင့် မန္တလေးတိုင်းမှ တပ်ရင်းများ ပါဝင်တိုက်ခိုက်နေဟု NUG ထုတ်ပြန်

၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂) နှင့် ရှမ်းမန်း စစ်ဆင်ရေးများတွင် စစ်ကိုင်းနှင့် မန္တလေးတိုင်းမှ ဗျူဟာ (၅၂)၊ ရွှေဘိုခရိုင် တပ်ရင်း (၇)၊ ရွှေဘိုခရိုင် တပ်ရင်း (၁၀)၊ ရွှေဘိုခရိုင် တပ်ရင်း (၁၆)၊ ဗျူဟာ (၅၅)၊ ရွှေဘိုခရိုင် တပ်ရင်း (၁၅)၊ ရွှေဘိုခရိုင် တပ်ရင်း (၁၈)၊ ရွှေဘိုခရိုင် တပ်ရင်း (၂၃)၊ ရွှေဘိုခရိုင် တပ်ရင်း (၂၆) နှင့် ညောင်ဦးခရိုင် တပ်ရင်း (၃) တို့ ပါဝင်တိုက်ခိုက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၉ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး)၊ မိုးကုတ် ဗျူဟာ တပ်ရင်း (၁၂၂၁၊ ၁၂၂၂၊ ၁၂၂၃၊ ၁၂၂၄)၊ အမှတ် (၅၁၃) တပ်ရင်း၊ ကျောက်မဲခရိုင် အထူးတိုက်ခိုက်ရေး တပ်ဖွဲ့၊ ပြင်ဦးလွင်ခရိုင် ပကဖ၊ မိုးကုတ်မြို့နယ် ပကဖ၊ မတ္တရာမြို့နယ် ပကဖ နှင့် သက်ဆိုင်ရာ ပကဖအဖွဲ့တို့လည်း ပါဝင်တိုက်ခိုက်နေပြီး စစ်ရေးအောင်ပွဲတွေလည်း ရရှိနေကြောင်း ဆက်လက်ဖော်ပြထားသည်။

https://go.nugmyanmar.org/0d1cd9a4

0d1cd9a4 Powered by Go.NUG

အရပ်သားပြည်သူများကို ဖမ်းဆီးလျက် ရိက္ခာနှင့် လာရောက် လဲလှယ်ရမည်ဟု အကြမ်းဖက်စစ်ကောင်စီတပ် ခြိမ်းခြောက် အကြပ်ကိုင်နေ

စစ်ကိုင်းတိုင်း၊ ကန့်ဘလူ မြို့နယ်၊ ကိုးတောင်ဘို့အထိုင် စစ်ကောင်စီစခန်းမှ အကြမ်းဖက်တပ်သားများက ဂုန်ညင်းလျှိုရွာမှ ကောက်စိုက်သမ (၁၁) ဦး၊ အမျိုးသား (၃) ဦးနှင့် နွား (၄) ကောင်ကို ဖမ်းဆီးထားပြီး ဓားစာခံများ ပြန်လည်လွှတ်ပေးစေလိုလျှင် မိသားစုဝင်များအနေဖြင့် ရိက္ခာနှင့် လာရောက်လဲလှယ်ရမည်ဟု ခြိမ်းခြောက် အကြပ်ကိုင်လျက် ရှိကြောင်း၊ လာမရွေးပါက သေနတ်သံ တစ်ချက်ကြားလျှင် ဓားစာခံတစ်ယောက် သတ်ဖြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ခြိမ်းခြောက် ပြောဆိုလျက်ရှိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက် တွင်ဖော်ပြခဲ့သည်။

ပြည်သူ့ကာကွယ်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) များက လနှင့်ချီ၍ ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်နေခြင်းကြောင့် စစ်ကောင်စီတပ်များ ရိက္ခာ ပြတ်လပ်လျက်ရှိပြီး ရိက္ခာရရှိရေးအတွက် ယခုကဲ့သို့ အရပ်သားပြည်သူများကို ဓားစာခံဖမ်းဆီး၍ ခြိမ်းခြောက် ရိက္ခာရှာဖွေရသည့် အခြေအနေသို့ ဆိုက်ရောက်နေခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

https://go.nugmyanmar.org/faaa8789

faaa8789 Powered by Go.NUG

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန

ရေဘေးသင့် စစ်ဘေးရှောင် ပြည်သူများ အတွက် အရေးပေါ် စားနပ်ရိက္ခာများ ထောက်ပံ့ခဲ့ဟု NUG ထုတ်ပြန်

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဆော့လော်၊ ဆွမ်ပရာဘွမ်၊ ချီဖွေနှင့် မချမ်းဘောမြို့နယ်များတွင် ဇွန် ၃၀ ရက်မှ ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသည့်အတွက် ရေဘေးသင့် စစ်ဘေးရှောင် ပြည်သူများကို ငွေကျပ် ၂၀၅ သိန်း ကူညီထောက်ပံ့ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာနက ဇူလိုင်လ ၁၂ ရက်တွင်ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းအတွင်းက ဆားလင်းကြီး၊ ထီးချိုင့်၊ ကသာ၊ မင်းကင်း၊ မော်လိုက်၊ မြောင်နှင့် စစ်ကိုင်းမြို့နယ်များတွင် ရေကြီးမှုများဖြစ်ပေါ်နေသည့်အတွက် ရေဘေးသင့်စစ်ဘေးရှောင် ပြည်သူများကို လည်းထောက်ပံ့ကူညီမှုများ ပြုလုပ်နေကြောင်း ဆက်လက် ဖော်ပြထားသည်။

အဆိုပါကူညီထောက်ပံ့ရာ၌ ရေဘေးသင့်စစ်ဘေးရှောင် ပြည်သူများလိုအပ်သည့် အရေးပေါ် စားနပ်ရိက္ခာ အထောက်အပံ့များကို ပြည်သူမှပြည်သူသို့ လှူဒါန်းမှုများ၊ မြို့နယ်လူသားစာနာ အခွန်ခွဲတမ်းမှ ရန်ပုံငွေများဖြင့် ဆက်လက်ထောက်ပံ့ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။

24df20a7 Powered by Go.NUG

https://go.nugmyanmar.org/24df20a7

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန

စစ်ကောင်စီ၏ ဒရုန်းနှစ်စီးဖြင့် ဗုံးကြဲ တိုက်ခိုက်မှုကြောင့် CDM ကျန်းမာရေး ဆရာမ ၁ ဦး အပါအဝင် စုစုပေါင်း ၆ ဦးသေဆုံးခဲ့ဟု NUG ထုတ်ပြန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ထနောင်းကုန်းကျေးရွာ၊ မုံရွာ-ရေဦးလမ်းမပေါ်ရှိ ဒေသခံကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်နှင့် ကျေးရွာထိပ်ရှိ ဆေးပေးခန်းကို အကြမ်းဖက် စစ်ကောင်စီ၏ ဒရုန်းနှစ်စီးဖြင့် ဗုံးကြဲ တိုက်ခိုက်မှုကြောင့် CDM ကျန်းမာရေး ဆရာမ ၁ ဦးအပါအဝင် ဒေသခံ ကာကွယ်ရေး ရဲဘော် ၄ ဦး ပလဖ အဖွဲ့ဝင် ၁ ဦး စုစုပေါင်း ၆ ဦး သေဆုံးပြီး ဆေးပေးခန်း ပျက်စီးခဲ့သည့်အပြင် ပြည်သူ ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြည်သူတစ်ရပ်လုံး တန်းတူညီမျှမှုရရှိရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရရှိရေး စသည့် ဦးတည်ချက်များကို ခိုင်ခိုင်မာမာ လက်ကိုင်ဆွဲထား၍ အကြမ်းဖက်စစ်အုပ်စု၏ ကျူးလွန်မှုများကို အပြစ်ပေးအရေးယူနိုင်ရန် အစွမ်းကုန်တာဝန်ယူဆောင်ရွက်သွားမည်ဟု ဆက်လက်ဖော်ပြထားသည်။ https://go.nugmyanmar.org/abac84fa

abac84fa
Powered by Go.NUG

လူ့အခွင့်အရေးကောင်စီတွင် တင်ပြခဲ့သည့် အပြန်အလှန် တုံ့ပြန်ဆွေးနွေး အစီရင်ခံချက်ကို ကြိုဆိုဟု NUG ထုတ်ပြန်

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေး အရာရှိ မစ္စတာ တွမ်အင်ဒရူး၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၅၆ ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြခဲ့သည့် အပြန်အလှန် တုံ့ပြန်ဆွေးနွေး အစီရင်ခံချက်ကို ကြိုဆိုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် လိင်/လိင်စိတ် အခြေပြုဆိုင်ရာ သက်ရောက်မှုများအကြောင်း၊ ဘဏ်များနှင့် နိုင်ငံတကာ အစိုးရများက အကြမ်းဖက် စစ်အုပ်စုကို ဆက်လက်ကူညီပံ့ပိုးနေမှုများအကြောင်း အစီရင်ခံ တင်ပြခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြထားသည်။

စာတမ်းများသည် မြန်မာပြည်သူပြည်သားများ၏ ရဲစွမ်းသတ္တိနှင့် ကြံ့ကြံ့ခံနိုင်မှုကို သော်လည်းကောင်း၊ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားများအပေါ် ဆိုးရွားပြင်းထန်သည့် ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများ၊ ချိုးဖောက်မှုများကို ရည်ရွယ်ချက်ရှိရှိ၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်နေမှုများကို သော်လည်းကောင်း မှတ်တမ်း တင်ထားသည့် အစီရင်ခံစာပေါင်း များစွာအနက် ထင်ရှားသော စာတမ်းများအဖြစ် မှတ်တမ်းဝင်နေမည်ဖြစ်ကြောင်း၊ ပြိုလဲပျက်စီးနေပြီး နယ်မြေ၊ ငွေကြေးနှင့် တရားဝင်မှု ခေါင်းပါးလျက် ရှိနေပြီဖြစ်သော သေရေးရှင်ရေးနှင့် ရင်ဆိုင်နေရသည့် အကြမ်းဖက် စစ်အုပ်စု အနေဖြင့် အရပ်သား ပြည်သူများအပေါ် ရက်စက်စွာ တိုက်ခိုက်မှုများ နှစ်ဆတိုး ဆောင်ရွက် နေမှုကို ထောက်ပြခဲ့ကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/61d0c25f

61d0c25f
Powered by Go.NUG

အပတ်စဉ်သတင်းထုတ်ပြန်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ ဝပ်ဘ်ဆိုက်တွင် Subscribe ပြုလုပ်၍ ရယူနိုင်ပြီဖြစ်ပါသည်။

https://go.nugmyanmar.org/2b103fca

2b103fca
Powered by Go.NUG

အလုပ်သမားဝန်ကြီးဌာန

ကမ္ဘာ့ကုလသမဂ္ဂရုံး (ဘန်ကောက်) ရှေ့တွင် ထိုင်းရောက် မြန်မာအလုပ်သမားများ စုစည်း၍ ကမ္ဘာ့ကုလသမဂ္ဂ (UN) နှင့် ထိုင်းအစိုးရအား တောင်းဆိုမှုများပြုလုပ်

ဇူလိုင်လ ၇ ရက်နေ့တွင် ကျရောက်သည့် ဆဲဗင်းဇူလိုင် ကျောင်းသားအရေးတော်ပုံနေ့ကို ဂုဏ်ပြုသောအားဖြင့် Bright Future အဖွဲ့မှ ဦးဆောင်၍ ထိုင်းရောက် မြန်မာအလုပ်သမားများမှ ထိုင်းနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂ ရုံး (ဘန်ကောက်) ရှေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ (UN) နှင့် ထိုင်းအစိုးရအား အောက်ပါအချက် ၃ ချက်ကို တောင်းဆို ဆန္ဒပြခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနက ဇူလိုင် ၇ ရက်တွင် ဖော်ပြခဲ့သည်။

ထိုင်းအစိုးရအနေဖြင့် ထိုင်းနိုင်ငံအတွင်း ရွှေ့ ပြောင်းအလုပ်သမားများအတွက် တစ်ခုတည်းသော သက်သေခံကတ်အဖြစ် "ပန်းရောင်ကတ်" (Work Permit) ဖြင့်သာ အလုပ်လုပ်ကိုင် နေထိုင်ခွင့်ပြုရေး၊ အကြမ်းဖက် စစ်အုပ်စုမှ ထုတ်ပေးသည့် CI စာအုပ် ထုတ်ပေးရေး လုပ်ငန်းစဉ်များကို ရပ်တန့်ရေးနှင့် အကြမ်းဖက် စစ်အုပ်စုသို့ ပေးဆောင်နေရသည့် မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်း လွှဲပြောင်းမှုကို စစ်ကောင်စီ၏ သတ်မှတ်ထားသည့် နည်းလမ်းများမှ တဆင့် လွှဲပြောင်းပေးနေမှုများကို တားမြစ်နိုင်ရေး၊ အာဆီယံ ဥက္ကဋ္ဌ အနေဖြင့် ထိုင်း-မြန်မာ နယ်စပ်တလျှောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် စစ်ဆင်ရေးမရှိ ဘေးကင်းပြီး ကြားနေနယ်မြေများအဖြစ် သတ်မှတ်

ခြင်းဖြင့် IDP များအတွက် နေစရာနေရာများ ပံ့ပိုးပေးရေးတို့ကို တောင်းဆိုခဲ့ကြကြောင်း ဖော်ပြထားသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားရေး ထောက်ပံ့မှုများကို အကြမ်းဖက် စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုဘဲ အဆိုပါ ထောက်ပံ့ရေး အစီအစဉ် တာဝန်များကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူ့အခွင့်အရေး ပုဂ္ဂလိက အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးရေးကိုလည်း ဆက်လက် တောင်းဆိုခဲ့ကြကြောင်း ဖော်ပြထားသည်။

https://go.nugmyanmar.org/bfeecfe2

bfeecfe2
Powered by Go.NUG

သတင်းများ



စစ်ကောင်စီလော်ဘီ နေပြည်တော် တယ်လီဂရမ်ချန်နယ်က ရှမ်းမြောက်တိုက်ပွဲများတွင် တအာင်းတပ်သားများ ခြောက်ထောက်ကျော်အထိ ကျဆုံးနေပြီဖြစ်ကြောင်း သတင်းများအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။

သတင်းမှန်

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် တစ်ကျော့ပြန် "၁၀၂၇ စစ်ဆင်ရေး" မှာ တော်လှန်ရေး ပူးပေါင်းတပ်များက မိုးကုတ်နှင့် မိုးမိတ်မြို့က စစ်ကောင်စီ တပ်စခန်းများကို သိမ်းယူနိုင်ခဲ့ကြကြောင်း၊ စစ်ကောင်စီတပ်သားများ သေဆုံးမှု များပြားကြောင်းများ ရေးသားဖော်ပြခဲ့ကြသည်။

https://go.nugmyanmar.org/bad9e159

https://go.nugmyanmar.org/3a586cce

သတင်းများ	သတင်းမှန်

စစ်ကောင်စီလော်ဘီ မြဝတီတယ်လီဂရမ် ချန်နယ်က စစ်မှုထမ်းဥပဒေကို အကြောင်းပြုပြီး ခေါ်ယူထားသည့် သင်တန်းဆင်း ပြည်သူ့စစ်များကို ၅ နှစ် တာဝန်ထမ်းဆောင်ဖို့ အတင်းအကျပ် လက်မှတ်ထိုး ခိုင်းစေခြင်းမရှိကြောင်း သတင်းများအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် စစ်မှုထမ်းဥပဒေကို အကြောင်းပြုပြီး အတင်းအဓမ္မ စုဆောင်း ခေါ်ယူထားသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်း သင်တန်းသားများကို ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်ခြင်း၊ ခွင့်ယူပိုင်ခွင့် မရှိသည့်အပြင် ၅ နှစ် စစ်မှုထမ်းရန် အတင်းအကျပ် လက်မှတ်ထိုး ခိုင်းစေသည့်အပြင် အခြေခံအခွင့်အရေးများပါ ပိတ်ပင်ထားကြောင်း ဖော်ပြခဲ့ကြသည်။ https://go.nugmyanmar.org/2c2fa9f0

https://go.nugmyanmar.org/71694ce4

သတင်းများ	သတင်းမှန်

စစ်ကောင်စီလော်ဘီ Truth Media တယ်လီဂရမ် ချန်နယ်က ရှမ်းပြည်တောင်ပိုင်း၊ ဆီဆိုင်မြို့တွင် PNLA ရဲဘော် ၃ ဦး အလောင်းနှင့် လက်နက်ခဲယမ်း၊ ကား၊ ဆိုင်ကယ်များ သိမ်းဆည်းရမိကြောင်း သတင်းများအနေဖြင့် ဖြန့်ချိလျက်ရှိသည်။

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် စစ်ကောင်စီလက်အောက်ခံ PNO ပြည်သူ့စစ်က ဆီဆိုင်မြို့နယ်တွင် အရပ်သား ပြည်သူ ၃ ဦးကို တော်လှန်ရေး အားပေးသူများဟူ၍ စွပ်စွဲဖမ်းဆီး သတ်ဖြတ်ခဲ့ပြီး ပြည်သူပိုင် ပစ္စည်းများကို လုယူသယ်ဆောင်သွားကြောင်း ဖော်ပြခဲ့ကြသည်။

https://go.nugmyanmar.org/0852726f

https://go.nugmyanmar.org/69aa457c

PVTV ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော အပတ်စဉ်သတင်း၊ Fake or Authentic News အစီအစဉ်နှင့် အခြားသောအစီအစဉ်များကို www.youtube.com/@PVTVInternational-myanmar ကို Subscribe ပြုလုပ်၍ ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

၂၀၂၄၊ ဇူလိုင် ဒုတိယပတ် စစ်သတင်း အနှစ်ချုပ်

၂၀၂၄၊ ဇူလိုင် ဒုတိယပတ်တွင် နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ဖြစ်သည့် မန္တလေးမြို့၊ မြောက်ဘက် မြို့နယ်များတွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် ခိုင်မာစွာ ခြေချ လှုပ်ရှားနိုင်ခြင်း၊ ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင်းသို့ အင်အားထောင် ချီသည့် "ဝ" တပ်ဖွဲ့ဝင်များ ဝင်ရောက်လာခြင်း စသည့် စစ်ရေး ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်ရှိ အင်ကြင်းမြိုင် လေကြောင်းရန် ကာကွယ်ရေး တပ်စခန်းကို သိမ်းပိုက်ရရှိပြီး လေကြောင်းရန် ကာကွယ်ရေး စက်အမြောက်များ သိမ်းပိုက်ရရှိထားကာ လေ့ကျင့် ပြင်ဆင်ပြီးဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) က ထုတ်ပြန်ထားသည်။

ထို့ပြင် မတ္တရာမြို့နယ်၊ မြောက်တံငါ စစ်စခန်းနှင့် အယ်လ်ဖာ ဘိလပ်မြေစက်ရုံ ကာကင်းစခန်းများကို ရရှိထားပြီး နယ်မြေရှင်းလင်းရေး လုပ်ဆောင်ရာတွင် လက်နက်ငယ် (၁၂) လက် ရရှိခဲ့သည်။ စဉ့်ကူးမြို့နယ် တိုက်ပွဲများတွင် ရန်သူ့ စခန်း (၅) ခု ထပ်မံ သိမ်းပိုက်ရရှိခဲ့ပြီး ဒုတိယဗိုလ်မှူးကြီး လှိုင်ထွန်းအောင် အပါအဝင် ရန်သူ့တပ်ဖွဲ့ဝင် (၁၅) ဦး ကို ပြည်သူ့ကာကွယ်ရေး တပ်မတော်က ဖမ်းဆီးနိုင်ခဲ့သည်။

ထို့အတွက်ကြောင့် မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံး မန္တလေးမြို့ မြောက်ဘက်တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် ကောင်းမွန်စွာ လှုပ်ရှားနိုင်နေသည်ကို တွေ့ရပြီး အကြမ်းဖက်စစ်တပ် အနေဖြင့် တန်ပြန်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ စခန်းများစွာ၊ နယ်မြေများစွာ ဆုံးရှုံးနေသည်ကိုတွေ့ရသည်။

ရှမ်းမန်း စစ်ဆင်ရေး နယ်မြေဖြစ်သည့် နောင်ချို မြို့နယ်တွင်လည်း အမှတ် (၆၀၆) ဒုံးတပ်ရင်းကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ပူးပေါင်း တပ်ဖွဲ့က သိမ်းပိုက်လိုက်ပြီး တမြို့နယ်လုံးကို အပြည့်အဝ ထိန်းချုပ်နိုင်လိုက်ပြီ ဖြစ်သည်။

နောင်ချို တစ်မြို့နယ်လုံးရှိ တိုက်ပွဲများတွင် ရန်သူ့ လက်နက်မျိုးစုံ (၆၀၀) ကျော် သိမ်းဆည်းရရှိကြောင်း TNLA က ထုတ်ပြန်ထားသည်။ ၁၀၂၇ စစ်ဆင်ရေး (အပိုင်း ၂) နှင့် ရှမ်းမန်း စစ်ဆင်ရေးတွင် ရန်သူ့ လက်နက်ငယ်များ သာမက လေယာဉ်ပစ် စက်အမြောက်များ၊ အတွဲလိုက်ဒုံးပစ်ယာဉ်များပါ သိမ်းဆည်းရရှိလျက်ရှိသည်။

ထူးခြားဖြစ်စဉ်အနေဖြင့် ရှမ်းမြောက်ဒေသ တန့်ယန်းမြို့နယ်တွင်းသို့ ဝ UWSA မှ အင်အားထောင်ချီ ဝင်ရောက် တပ်စွဲလျက်ရှိသည်။ ထို့အတွက်ကြောင့် သံလွင် မြစ်ကို ကျော်လွန်ပြီး ဝ တပ်ဖွဲ့များ စတင် ဝင်ရောက်လှုပ်ရှားလာသည်ကို ၁၀၂၇ စစ်ဆင်ရေး (အပိုင်း ၂) တွင် တွေ့ရှိရသည်။ ရခိုင်ပြည်နယ်တွင်၊ သံတွဲမြို့နယ်ရှိ လက်ကျန် ခလရ (၅၅) တပ်ရင်းကို အာရက္ခ တပ်တော်က သိမ်းပိုက်နိုင်လိုက်ပြီ ဖြစ်ပြီး မြို့နယ်တွင်း ကျန်ရှိနေသေးသည့် စစ်တပ်ဖွဲ့ဝင်များကို ဆက်လက် တိုက်ခိုက်မည်ဟု ထုတ်ပြန်ထားသည်။